MOIC-MO-A/00033

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန (MOIC)
အမျိုးသားညီညွတ်ရေးအစိုးရ (NUG)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဒေါက်တာ မောင်ဇာနည်အား အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၊ အကြံပေးပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန၏ ဒါရိုက်တာအဖြစ် ခန့်အပ်ခြင်း

၂၀၂၁ ခုနှစ် မေလ ၂၁ ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရ၊ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတစ်ဦး၏လုပ်ပိုင်ခွင့်ဖြင့် ဒေါက်တာမောင်ဇာနည်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ အမျိုးသားညီညွတ်ရေးအစိုးရနှင့် MOIC လုပ်ငန်းများ၏ လိုအပ်ချက်များအရ ကဏ္ဍပေါင်းစုံမှဆီလျော်သည့် ကျွမ်းကျင်သူများ၊ အကြံဉာဏ်ပေးနိုင်မည့်ပညာရှင်များအား ရွေးချယ်ပြီး လက်တွဲဆောင်ရွက်မှုများ ပြုလုပ်နိုင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၏ အကြံပေးပူးပေါင်း ဆောင်ရွက်ရေး ဦးစီးဌာန(MOIC-AC) ဆိုင်ရာ ဒါရိုက်တာအဖြစ် ခန့်အပ်လိုက်ပါသည်။ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန၏ အကြံပေး ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန(MOIC-AC) သည် အထူးအထောက်အကူပြုဌာန ဖြစ်ပြီး "လူတိုင်း" ၏ အခွင့်အရေးကို အာမခံသည့် ဖက်ဒရယ်ဒီမိုကရေစီနှင့် သင့်လျော်သော အားလုံးပါဝင်သည့် လူ့အဖွဲ့အစည်းတစ်ခုအဖြစ် မြန်မာနိုင်ငံကို တည်ဆောက်သွားရန်နှင့် အပြည်ပြည်ဆိုင်ရာတွင် တာဝန်ခံမှုရှိခြင်း၊ အခြေခံမူဝါဒဆိုင်ရာများ၊ လူမျိုးစုပြဿနာများ၊ လူမျိုးခွဲခြားဆက်ဆံရေးဝါဒ/ချန်လှပ်ထားခြင်း၊ ဘာသာရေးတစ်ယူသန်မှု၊ အုပ်ချုပ်သူအာဏာပိုင်က ကျူးလွန်သည့် အကြမ်းဖက်မှုများ ကဲ့သို့သော ပြဿနာအမျိုးမျိုးတို့အတွက် အရည်အချင်းပြည့်ဝသောပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများနှင့် ပါဝင်သက်ဆိုင်သူများထံမှ ပညာရှင်အကြံပြုမှုများဖြင့် ပံ့ပိုးပေးနိုင်ရန် MOIC-AC သည် အကြံပေးအခန်းကဏ္ဍမှ ပါဝင်ပြီး ဝန်ကြီးဌာနများအားလုံးနှင့် နီးကပ်စွာ ဆောင်ရွက်သွားပါမည်။

ဒေါက်တာ ဇာနည်သည် Free Burma Coalition (၁၉၉၅-၂၀၀၄)၊ Free Rohingya Coalition (၂၀၁၈-လက်ရှိ)၊ (Pro-democracy)၊ Forces of Renewal Southeast Asia (၂၀၁၈) စသည့် တက်ကြွလှုပ်ရှားမှု အဖွဲ့အစည်းများစွာကို ပူးတွဲတည်ထောင်သူဖြစ်ပြီး (လူမျိုးတုံးသတ်ဖြတ်ခြင်း) Documentation Center- Cambodia ၏ အဖွဲ့ဝင်နှင့် The Genocide Watch (USA) ၏ အကြံပေးတစ်ဦးလည်းဖြစ်ပါသည်။ ဒေါက်တာ ဇာနည်သည် UCL Institute of Education ၊ Oxford ၊ Harvard နှင့် London School of Economics တို့တွင် သွားရောက်လေ့လာခြင်းနှင့် သုတေသနပြုခြင်းများပြုလုပ်ခဲ့ပြီး အမေရိကန်ပြည်ထောင်စု၊ ဥရောပနှင့် အရှေ့တောင်အာရှတို့တွင် သင်ကြားပို့ချခဲ့ပါသည်။ သူသည်ရိုဟင်ဂျာလူမျိုးများအားရက်ရက်စက်စက်သတ်ဖြတ်မှုနှင့် စစ်တပ်၏ အတုအယောင် ဒီမိုကရေစီပြောင်းလဲမှုများအကြောင်းကို သတင်းပေးသူအဖြစ် လူသိများပါသည်။ သူနှင့်အတူ ဆယ်စုနှစ်-သုံးစုကြာ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုများ၊ ရိုးသားဖြောင့်မတ်သောအမြင်များနှင့် မြန်မာနိုင်ငံရေးကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများကို ယူဆောင်လာမည် ဖြစ်ပါသည်။

ဒေါက်တာဇာနည်အား ကျွန်ုပ်တို့အဖွဲ့မှ ဝမ်းမြောက်စွာ ကြိုဆိုလိုက်ပါသည်။ သင်နှင့်အတူ ရဲရင့်သော မြန်မာပြည်သူများ အားလုံး ဤတိုက်ပွဲကို အတူတကွ အောင်နိုင်ရမည်။

ဒေါက်တာဆာဆာ

ပြည်ထောင်စုဝန်ကြီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန

ပြောရေးဆိုခွင့်ရှိသူ၊ အမျိုးသားညီညွတ်ရေးအစိုးရ